## လူသားရေး လုပ်ငန်းအေဂျင်စီ
# (Agency of Human Services)
## လျှို့ဝှက်ချက်ထားနည်း ကြေညာချက်
### ဤအသိပေးချက်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ စတင်သက်ရောက်သည်။

**ယခုကြေညာချက်က ဆေးဘက်ဆိုင်ရာ အချက်လက်များနှင့် သင်နှင့် ဆက်နွယ်သည့် အခြားပုဂ္ဂိုလ်ရေးရာ အချက်လက်ကို အသုံးပြုခွင့်နှင့် ဖော်ထုတ်ပိုင်ခွင့်ရှိကြောင်းနှင့် ထိုအချက်လက်ကို သင်ဘယ်လို ရယူနိုင်သလဲ ဖော်ပြရန်ဖြစ်ပေသည်။ <u>သေချာစွာဖတ်ပါ။</u>**

**FREE INTERPRETER SERVICES ARE AVAILABLE**

ဤကြေညာချက်အား ဖတ်ရှုနားလည်ရန် စကားပြန် (သို့) အခြားလိုက်လျောမှု လိုအပ်ပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့အား ဖော်ပြပါ။

ကျန်းမာရေး အချက်လက် ပုဂ္ဂိုလ်ရေး လုပ်ထုံးများ **စာမျက်နှာ ၁–၃**
အထွေထွေ လုပ်ထုံးများ
စိုးရိမ်ပူပန်မှု
တသီးပုဂ္ဂလအားဖြင့် သက်သေအထောက်အထား အချက်အလက် **စာမျက်နှာ ၄**

"ကျွန်ုပ်"တို့က လူသားရေးလုပ်ငန်းများဆိုင်ရာ အေဂျင်စီ (AHS) ဖြစ်သည်။ AHS တွင် ကလေးများနှင့် မိသားစုဌာန၊ မသန်မစွမ်းဌာန၊ သက်ကြီးရွယ်အိုနှင့် လွတ်လပ်စွာနေထိုင်သူ၊ ကျန်းမာရေးဌာန၊ စိတ်နှင့်ဆိုင်သည့် ကျန်းမာရေး၊ အမှားပြင်ဆင်ရေးဌာန၊ ဗားမောင့် ကျန်းမာရေးကုသမှုခံယူသည့်ဌာန ပါဝင်သည်။ ကန်ထရိုက်တာများနှင့် အာမခံမှုမှာ ဝေရာမော(န်) လုပ်ငန်း ဖန်တီးပေးသူများ၊ ဥပမာ မိဘ–ကလေး ဌာနများ၊ အရွယ်ရောက်သူများ နေ့ခင်းဌာနများနှင့် စိတ်နှင့်ဆိုင်သည့် အသိုင်းအဝိုင်း ကျန်းမာရေး ဌာနများ ပါဝင်ပေသည်။

ကျွန်ုပ်တို့ သင့်ကို ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဌာနများ ပေးချိန်မှာ ကျွန်ုပ်တို့က တဦးစီရဲ့ ဖော်ထုတ်နိုင်သည့်အချက်အလက် (အချက်အလက်ဖော်ထုတ်မှု) နှင့် တခါတရံ သင့်နှင့် ပတ်သက်သည့် ကျန်းမာရေးအချက်အလက် ရယူရသည်။ ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများအရ ၁၉၉၆ HIPAA ("လျှို့ဝှက်ချက်စည်းကမ်း") ဟု သိကြသည့် ဖက်ဒရယ် ကျန်းမာရေးအာမခံ လွှဲပြောင်းနိုင်မှုနှင့် တာဝန်ယူမှု အက်ဥပဒေ အပါအဝင်ယင်းအချက်အလက်ကို ကာကွယ်ဖို့လိုသည်။

ဤကြေညာချက်က ကျွန်ုပ်တို့နှင့် သို့မဟုတ် ကျန်းမာရေး အချက်အလက်ကို မည်ကဲ့သို့ အသုံးပြုနိုင်ခြင်း (သို့) မျှဝေနိုင်ကြောင်း ဖော်ပြရန်ဖြစ်သည်။ ဥပဒေအရ ကျွန်ုပ်တို့ သင့်ကို အသိပေးရန်လိုသည်။ လတ်တလော သက်ရောက်မှုရှိသည့် အချက်အလက်များကို လိုက်နာရေးက ဥပဒေ၏ လိုအပ်ချက် ဖြစ်သည်။

---

## ကျန်းမာရေး အချက်လက်နှင့် ဆက်နွယ်သည့် လျှို့ဝှက် ပုဂ္ဂိုလ်ရေး လုပ်ထုံးများ

### ၁။ AHS က ကျွန်ုပ်နှင့် သက်ဆိုင်သည့် ကျန်းမာရေး အချက်လက်အား ဘာလုပ်သလဲ၊

ကျွန်ုပ်တို့ လုပ်ငန်းများအတွက် လျှောက်လဲခြင်း (သို့) လက်ခံရယူချိန်၌ သင်နှင့် အခြားသူတို့က သင့်ကျန်းမာရေးနှင့် ကျန်းမာရေး ဂရုပြုသည့် အချက်များ ကျွန်ုပ်တို့ကို ပေးရမည်။ ယင်းထဲတွင် သင့်ရောဂါခွဲစိတ်မှု၊ မသန်းစွမ်းမှု (သို့) ဆေးကုသမှု အချက်အလက် ပါဝင်နိုင်သည်။ ၎င်းတို့ထဲတွင် ဘဏ္ဍာရေးနှင့် ဘီလ် အချက်လက်များလည်း ပါဝင်နိုင်သည်။

### ၂။ AHS က ဘယ်ကျန်းမာရေး အချက်အလက်အား သုံးစွဲမှုနှင့် ဖလှယ်မှု ပြုသလဲ၊

ကျွန်ုပ်တို့ ဝန်ထမ်းများ (သို့) ကျွန်ုပ်တို့၏ ကန်ထရိုက်တာများ၊ ၎င်းတို့ လုပ်ငန်းတာဝန် ကျေပွန်ရာတွင် လိုအပ်သည့် ကျန်းမာရေး အချက်လက် အနည်းငယ်ကိုသာ သုံးစွဲမှုနှင့် ဖလှယ်မှုပြုသည်။

### ၃။ AHS က ကျွန်ုပ်တို့ ကျန်းမာရေး အချက်လက်များကို ဘယ်အချိန် အသုံးပြုသလဲ (သို့) မျှဝေသလဲ၊

ကျွန်ုပ်တို့ သင့်ကျန်းမာရေးအချက်လက်အား ဆေးကုသမှု၊ ငွေချေမှု (သို့) ကျန်းမာရေး ဂရုစိုက်မှု၊ ယင်းထဲတွင် လုပ်ငန်းစီမံကိန်းနှင့် AHS အုပ်ချုပ်ရေးပိုင်း ပါဝင်ပြီး၊ သင့်ကျန်းမာရေး အချက်လက်အား သုံးစွဲမှုနှင့် မျှဝေမှု ပြုနိုင်သည်။ ဥပမာ သင့်အချက်လက်အား အောက်ပါ အကြောင်းရင်းများ အတွက် သုံးနိုင်သည်။

- လုပ်ငန်းများ (သို့) အကျိုးအမြတ်များအတွက် သင့်ထိုက်တန်မှု ရှိ မရှိ ဆုံးဖြတ်ရန်
- တဦးချင်းစီအတွက် လုပ်ငန်းဌာန ဖွဲ့စည်းဖန်တီးပေးရန် (သို့) ကုသမှုစီမံကိန်းများ ဖန်တီးရန်

*ဥပမာ သင့်အား ဆေးကုသရန် သူနာပြုများ၊ ဆရာဝန်များနှင့် ဆေးကုသမည့် အခြား ကျန်းမာရေး လုပ်သားများအား သင့်အချက်အလက် မျှဝေပေးနိုင်သည်။*

- ရက်ချိန်းနှင့် ပတ်သက်၍ သင့်အား သတိပေးရန်။
- သင် (သို့) သင့်မိသားစုအား အထောက်အကူပြုမည့် လုပ်ငန်းဌာန ထောက်ပံ့မှု (သို့) ကုသမှုများအား ဖော်ပြရန်။
- သင့်လုပ်ငန်းကြေးပေးရန်။

*ဥပမာ သင့်ဆရာဝန်က သင့်ကျန်းမာရေး အချက်လက်များ ကျွန်ုပ်တို့ထံ ပေးမှသာလျှင် ကျွန်ုပ်တို့က ကုန်ကျငွေ ၎င်းအား ပေးနိုင်သည်။*

*ကန်ထရိုက်တာများနှင့် သင့်ကျန်းမာရေး အချက်လက် မျှဝေရခြင်းက ကျွန်ုပ်တို့ကိုယ်စား သင့်ဆရာဝန်အား ပေးနိုင်ရန်ဖြစ်သည်။*

- ကျွန်ုပ်တို့အတွက် လုပ်ဆောင်မှုများနှင့် အစီအစဉ်များ စီစဉ်ရန် ဖြစ်သည်။

*ဥပမာ သင့်အား ဂရုစိုက်သူတို့က သင့်အတွက် အဆင့်မြင့်မားသည့် လုပ်ငန်းများနှင့် ချက်ချင်း မှန်ကန်မှုဖြင့် ပေးအပ်ရေး သေချာစေရန် သင့်ကျန်းမာရေး အချက်လက်ကို မျှဝေသုံးစွဲနိုင်သည်။ သင်မှန်ကန်သည့် လုပ်ငန်းဌာနများ ရရှိခြင်းနှင့် သင်ရရှိသည့် လုပ်ငန်းအခြေနေ တိုးတက်ရေး သေချာစေရန် သင့်အချက်လက်ကို မျှဝေသုံးစွဲနိုင်သည်။*

## ၄။ ကျွန်ုပ်၏ ခွင့်ပြုချက်မရဘဲ အေအိတ်ချ်အက်စ် AHS က ကျွန်ုပ်၏ ကျန်းမာရေး အချက်လက်ကို နောက်ထပ် ဘယ်အခါများ၌ သုံးစွဲနိုင်သလဲ၊

သင့် ခွင့်ပြုချက်မရဘဲ သင့်အချက်လက် မျှဝေသုံးစွဲသည့်ဖြစ်ရပ် နည်းပါးပေသည်။ တခါတရံ ဥပဒေ (သို့) ကျွန်ုပ်တို့က ယင်းသို့ လုပ်ဆောင်ဖို့ လိုလာတတ်သည်။

အောက်ပါ ကိုယ်ရေးကိုယ်တာ အချက်များကြောင့် သင့်ခွင့်ပြုချက်မရဘဲ ကျွန်ုပ်တို့ အချက်လက်မျှဝေ သုံးစွဲရတတ်သည်။

- မိသားစုဝင် (သို့) သင့်ကျန်းမာရေး (သို့) ကျန်းမာရေးဂရုစိုက်မှုတွင် ကုန်ကျစရိတ်၌ ပါဝင်ခြင်းနှင့် ဆီလျော်သည့် သင်ရွေးချယ်သူ အခြားပုဂ္ဂိုလ်တဦး။
- သင့်မိသားစုအား အကြောင်းကြားရန် (သို့) သင်ရှိရာ အရပ်၊ အခြေအနေ (သို့) သေဆုံးမှုနှင့် ပတ်သက်၍ သင့်အား ဂရုစိုက်ရာတွင် တာဝန်ရှိသူ အခြားတဦး။
- ပုဂ္ဂိုလ်တစ်ဦး သေဆုံးသည့်အခါ မိမိ၏တာဝန်များ ထမ်းဆောင်ရာတွင် အချက်လက် လိုအပ်သူ အသုဘ စီစဉ်ညွှန်ကြားရေးမှူး (သို့) ဆေးဘက်ဆိုင်ရာ စစ်ဆေးသည့် တာဝန်ခံ။
- အလုပ်သမားနစ်နာကြေး (သို့) တခြားအလားတူ အစီအစဉ်။

အောက်ပါ အထူးအကြောင်းရင်းများအတွက် သင့်ခွင့်ပြုချက်မရဘဲ သင့်အချက်အလက် ဖလှယ်ရနိုင်သည်။

- ရောဂါတားမြစ်ရေး (သို့) ထိန်းချုပ်ရေး၊ ထုတ်ကုန်များ ပြန်လာအပ်ရန်ခေါ်ယူခြင်းများအတွက် ကူညီခြင်း၊ ဆေးများ၏ ဆိုးဝါးသည့် တုံ့ပြန်မှုများကို အစီရင်ခံခြင်း၊ ဒဏ်ရာ (သို့) မသန်စွမ်းမှုနှင့် မွေးဖွားခြင်းနှင့် သေဆုံးမှုကဲ့သို့ အရေးပါသည့် မှတ်တမ်းများ အတွက် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ။
- စုံစမ်းရှာဖွေမှု ရည်ရွယ်ချက်များ၊ တင်းကျပ်တဲ့ တရားရေး ကန့်သတ်ချက်များ။
- ကိုယ်အင်္ဂါအစိတ်ပိုင်း လှူဒါန်းမှုနှင့် အစားထိုးမှုအတွက် ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်း။
- တရားရုံးအား တုံ့ပြန်မှု (သို့) အုပ်ချုပ်ရေးပိုင်း အမိန့်နှင့် တရားရုံးသို့လာရန် ဆင့်ခေါ်စာ၊ ရှာဖွေရေး မေတ္တာရပ်ခံချက် (သို့) အခြားလုပ်ငန်းစဉ်များအား တုံ့ပြန်မှု။
- တရားဥပဒေက လိုအပ်ချိန်၌ ရဲများအတွက်။
- ကျွန်ုပ်တို့ အဆောက်ဦးသို့ ကျွန်ုပ်တို့ ဝန်ထမ်းကို ဆန့်ကျင်၍ ရာဇဝတ်မှု ကျူးလွန်မှု အစီရင်ခံရန်။
- ဆဲဆိုမှု၊ လျစ်လျူရှုမှု (သို့) အိမ်တွင်းအကြမ်းဖက်မှုကို သင့်လျော်သည့် အာဏာပိုင်များကို အစီရင်ခံရန်။
- တရားဥပဒေက အသိမှတ်ပြုသည့်အခါ ဥပမာ စာရင်းစစ်မှုနှင့် စစ်ဆေးမေးမြန်းမှုများကဲ့သို့ လုပ်ဆောင်ချက် များအတွက် ကျန်းမာရေး ကြီးကြပ်မှုအေဂျင်စီအား ဖော်ပြရန်။
- လိုက်နာမှုသုံးသပ်ချက် သို့မဟုတ် တိုင်ကြားမှု စုံစမ်းစစ်ဆေးရေးအတွက် အမေရိကန် ကျန်းမာရေးဌာနနှင့် လူသားရေး ဝန်ဆောင်မှုများဌာနအား။
- လူတဦး (သို့) ပြည်သူ၏ လုံခြုံရေး (သို့) ကျန်းမာရေးအပေါ် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုကို ရှောင်ကျဉ်ရေး၊ (သို့) ဥပဒေကြီးကြပ်ရေးအရာရှိတစ်ဦးအား ဥပဒေကြီးကြပ်ရေး ရည်ရွယ်ချက်များအတွက်။
- အများပြည်သူနှင့် သက်ဆိုင်သည့် အရာရှိများကို ကာကွယ်ရေး၊ အမျိုးသား လုံခြုံရေး၊ စစ်ရေးနှင့် အမှားပြင်ဆင်ရေးဌာနများ စသည့် ရည်ရွယ်ချက်များအတွက် အထူးအစိုးရရေးရာ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန်။
- ဥပဒေမှခွင့်ပြုသည့်လုပ်ဆောင်ချက်များအတွက် ကျန်းမာရေးကြီးကြပ်မှု အဖွဲ့အစည်းများအား။
- ပြည်သူ့အကျိုးမြတ်များ ဖန်တီးပေးသည့် အစိုးရ အစီအစဉ် စီမံခန့်ခွဲမှု၊ ထိုက်တန်မှု (သို့) စာရင်းသွင်း အချက်လက်နှင့် ပို၍ ကောင်းမွန်သည့် ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှုနှင့် အစိုးရ အစီအစဉ်များနှင့် ဆက်နွယ်၍ စီမံခန့်ခွဲမှုပြုသည့် အခြားအေဂျင်စီများ။

ယင်းကြေညာချက် သို့မဟုတ် အခြားတွင် ဖော်ပြထားသည့် အချက်များက ဥပဒေ၏ ခွင့်ပြုချက်မှလွဲ၍ ကျွန်ုပ်တို့ သင့်ကျန်းမာရေး အချက်လက်အား သင်၏ ရေးသားခွင့်ပြုချက် မရဘဲ အသုံးပြုခြင်း (သို့) ဖလှယ်မှုပြုမည်မဟုတ်ပေ။

## ၅။ တဦးတယောက်က ကျွန်ုပ်၏ ကျန်းမာရေး အချက်လက် လိုလာပါက ဘာလုပ်မလဲ၊

သင်က သင့်အချက်လက် တခြားသူတို့အားပေးရန် တောင်းဆိုနိုင်ကြောင်း (သို့) ကျွန်ုပ်တို့က ယင်းကဲ့သို့ ပြုရန် သင့်ထံမှ ခွင့်ပြုချက် တောင်းဆိုနိုင်သည်။ အချက်လက်များ ဖလှယ်ခြင်း မပြုမီ၊ ခွင့်ပြုချက်ပေးသည့် လျှောက်လွှာ လက်မှတ် ထိုးစေမည်။ ခွင့်ပြုချက် လျှောက်လွှာက ဘယ်အချက် မျှဝေရေး၊ မည်သူနှင့် ဖလှယ်ရမည် ဆိုသည့် အမည်များ ဖော်ပြရပါသည်။ ယင်းခွင့်ပြုချက်အား အချိန်မရွေး ပယ်ဖျက်နိုင်သည်။

## ၆။ ကျွန်ုပ်အတွက်ဆောင်ရွက်ပေးရန် အခြားတစ်စုံတစ်ဦးကို ကျွန်ုပ်ရွေးနိုင်သလား။

သင်သည် တစ်စုံတစ်ဦးကို ကျန်းမာရေးဆိုင်ရာ ကိုယ်စားလှယ်လွှဲထားပါက သို့မဟုတ် တစ်စုံတစ်ဦးသည် သင်၏တရားဝင်အုပ်ထိန်းသူဖြစ်ပါက၊ ထိုသူသည် သင်၏ရပိုင်ခွင့်များကို အသုံးပြု၍ သင့်ကျန်းမာရေး အချက်အလက်များအကြောင်း ရွေးချယ်ချက်များ ပြုလုပ်နိုင်ပါသည်။ ကျွန်ုပ်တို့ မည်သည့် ဆောင်ရွက်ချက်မှ မပြုမီ ထိုသူ၌ ဤလုပ်ပိုင်ခွင့်ရှိပြီး သင့်အတွက် လုပ်ဆောင်ပေးနိုင်ကြောင်း ကျွန်ုပ်တို့ သေချာအောင် လုပ်ပါမည်။

## ၇။ ကျွန်ုပ်၏ ကျန်းမာရေး အချက်အလက်ကို ကြည့်ခွင့်ရှိသလား၊

အခြေအနေ အများစုတို့တွင် သင့်ကျန်းမာရေး အချက်အလက်ကိုကြည့်ရှုခွင့်ရှိသည်။ သင့်ကိုယ်ရေး အရာရှိကို သင့်ကျန်းမာရေး အချက်အလက်ကြည့်လိုကြောင်း (သို့) မိတ္တူရလိုကြောင်း (ဆက်သွယ်ရမည့် အချက်အလက် စာမျက်နှာ ၃ တွင် ကြည့်ပါ)။ သာမန်အားဖြင့် သင်တောင်းဆိုပြီး ရက် ၃၀ အတွင်း သင့်ကျန်းမာရေးနှင့် တောင်းဆိုမှုများ မှတ်တမ်းများ မိတ္တူ သို့မဟုတ် အကျဉ်းချုပ်တစ်စောင် ကျွန်ုပ်တို့ ပေးပါမည်။ အီလက်ထရောနစ် စနစ်နှင့်သိမ်းထားသော သတင်း အချက်အ လက် မိတ္တူများကို တောင်းဆိုနိုင်ပါသည်။ သင့်ကြည့်ရှုမည့် အချက်အလက်အပေါ် လုံခြုံရေးနှင့် တခြားတရားရေး အကြောင်းများကြောင့် ကန့်သတ်မှု ရှိနိုင်သည်။ မိတ္တူအတွက် ဈေးနှုန်းချိုသာသည့် အခကြေးငွေယူသည်။

## ၈။ ကျွန်ုပ် ကျန်းမာရေး အချက်လက်ကို ပြောင်းနိုင်သလား၊

မှတ်တမ်းတွင် သင့်ကျန်းမာရေး အချက်လက်မှားယွင်းကြောင်း တွေ့ထင်ပါက ယင်းအား အမှားပြင်ဆင်ခြင်း (သို့) အချက်လက်သစ် ဖြည့်စွက်ရန် ရေးသား တောင်းဆိုရမည်။ ကျွန်ုပ်တို့ထံမှ သင့်ကျန်းမာရေး အချက်လက် လက်ခံရရှိထားသူများအား အချက်သစ်ပေးရေး (သို့) မှန်ကန်သည် အချက်လက်ပေးပို့ရေးအတွက် တောင်းဆိုနိုင်သည်။

အကယ်၍ ကျွန်ုပ်တို့၏ ရှုမြင်ချက်တွင် အချက်လက်များ တိကျကြောင်းနှင့် ပြည့်စုံကြောင်း (သို့) တခြားအကြောင်းကြောင်းများ ရှိပါက ပြောင်းလဲမှုများ (သို့) ဖြည့်စွက်မှု ပြုမည်မဟုတ်။ တကယ်လို့ သင့်အချက်အလက်ကို ပြောင်းလဲရန် သဘောမတူပါက သဘောမတူရခြင်း အကြောင်းကို သာမန်အားဖြင့် ရက် ၆၀ အတွင်း သင့်အား ဖော်ပြမည်။ ကျွန်ုပ်တို့က သင့်မှတ်တမ်းထဲတွင်လည်း တောင်းဆိုမှုအရ အပြောင်းအလဲ ပြုရကြောင်းနှင့် ကျွန်ုပ်တို့က ယင်းကဲ့သို့ အပြောင်းအလဲပြုရန် သဘောမတူခဲ့ကြောင်း မှတ်သားထားမည်။

**၉။ ကျွန်ုပ်တို့၏ ကျန်းမာရေး အချက်လက်အား မည်သို့ အသုံးပြုရန်နှင့် ဖလှယ်မှုများပြုရန် AHS အား တောင်းဆိုနိုင်သလား၊**

ကျွန်ုပ်တို့ သင့်ကျန်းမာရေး အချက်လက်အား မည်သို့ အသုံးပြုခြင်းနှင့် ဖလှယ်မှုပြုရေး ဘယ်လို ကန့်သတ်စေလိုသလဲ ဆိုတာ တောင်းဆိုနိုင်သည်။ မည်ကဲ့သို့ ကန့်သတ်မှုပြုစေလိုသလဲ ဆိုတာ ရေးသား မေတ္တာရပ်ခံရမည်။ ကျွန်ုပ်တို့ သင့်မေတ္တာရပ်ခံချက်အား ထည့်သွင်း စဉ်းစားမည်ဖြစ်သော်လည်း ယင်းအတွက် သဘောတူဖို့ မလိုပေ။

**၁၀။ AHS က ကျွန်ုပ်နှင့် လျှို့ဝှက်နည်းဖြင့် ဆက်သွယ်ရန် ကျွန်ုပ် မေတ္တာရပ်ခံနိုင်သလား၊**

သင်က ကျွန်ုပ်တို့ သင့်အား တခြားဆီလျော်မှုရှိသည့် နည်းလမ်းများဖြင့် (သို့) တခြားအရပ်၌ သင့်အား ဆက်သွယ်ရန် တောင်းဆိုနိုင်သည်။ ဘယ်နေရာနှင့် ဘယ်လို ကျွန်ုပ်တို့ သင့်အား ဆက်သွယ်နိုင်ကြောင်း ကျွန်ုပ်တို့ထံ ရေးသားဖော်ပြပါ။ ကျွန်ုပ်တို့ သင့်မေတ္တာရပ်ခံချက်ကို လေးစားလိုက်နာရန် ကြိုးပမ်းပါမည်။

သင့်အတွက်အန္တရာယ်ရှိစေမည့် အချက်အလက်ကို ထုတ်ဖော်ပြောဆိုခြင်းမှ တားဆီးရန် သင်သည် အခြားနည်းဖြင့် ပြောဆိုဆက်သွယ်မှုလိုကြောင်း ကျွန်ုပ်တို့ကို ပြောပါက သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့ လိုက်လျောပါမည်။

**၁၁။ AHS က တခြားသူများနှင့် ကျွန်ုပ်၏ ကျန်းမာရေး အချက်လက် မျှဝေချိန်၌ ကျွန်ုပ်စာရင်း တောင်းနိုင်သလား၊**

ကျွန်ုပ်တို့ သင်ကျန်းမာရေး အချက်အလက် ဖော်ထုတ်ရခြင်း အကျိုးအကြောင်းကို သင်တောင်းဆိုသည့်ရက်စွဲ မတိုင်မီ ခြောက်နှစ်အတွက်၊ မည်သူအား ကျွန်ုပ်တို့ မည်သည့်အတွက်ကြောင့် ပြောပြခဲ့သည် အကြောင်းကို သိပိုင်ခွင့်ရှိသည်။ သင့်လျှို့ဝှက် ကိုယ်ရေးအရာရှိထံ ရေးသားမေတ္တာရပ်ခံနိုင်သည်။ ဥပဒေအရ ကျွန်ုပ်တို့ သင့်အချက်လက် မျှဝေရသည့် အခြေနေတိုင်းကို စာရင်းပြုထားစရာ မလိုပေ။ ဥပမာ ကျွန်ုပ်တို့က AHS ကုသမှု၊ ကုန်ကျစရိတ်ပေးမှု (သို့) ကျန်းမာရေး ဆောင်ရွက်ချက်များ (သို့) သင့်ခွင့်ပြုချက် ရရှိထားသည့် အချက်အလက်ကို မျှဝေရချိန်၊
ယင်းတို့အတွက် ထောက်ခံမှု လိုအပ်သည်။

**၁၂။ အကယ်၍လျှို့ဝှက်ကျန်းမာရေးအချက်အလက်များချိုးဖောက်မှုများ ဖြစ်ပေါ် ပါက ကျွန်ုပ်ကိုအသိပေးအကြောင်းကြားပါ့မလား။**

အကယ်၍လျှို့ဝှက်ကျန်းမာရေးအချက်အလက်များနှင့်ပတ်သက်၍ ချိုးဖောက်မှု ရှိလာပါက သင့်ကို စာရေးအကြောင်းကြားမည်ဖြစ်ပါသည်။ ချိုးဖောက်မှု ဆိုရာတွင် လျှို့ဝှက် ကျန်း မာရေး အချက်အလက်များများကို မြင်တွေ့ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုံခြုံမှုမရှိတော့သောထုတ်ဖော်ပြသခြင်းတို့ကို ဆိုလိုပါသည်။ AHS သည် လျှို့ဝှက်ချက်စည်းမျဉ်းတွင် ဖော်ပြထားသော အချက်များကို အသုံးပြု၍ ၎င်းအချက်အလက်များ ချိုးဖောက်မှု ရှိမရှိ ဆုံးဖြတ်ပါသည်။

**၁၃။ ကျွန်ုပ်၏ ကျန်းမာရေး အချက်အလက်ကို လျှို့ဝှက်ထားချိန် AHS က ဘယ်ဥပဒေကို လိုက်နာသလဲ၊**

ကျွန်ုပ်တို့ (HIPAA) အဖြစ် ကျော်ကြားတဲ့ ၁၉၉၆ ဖက်ဒရယ် ကျန်းမာရေး အာမခံ လွှယ်ကူစွာ လုပ်ဆောင်ချက်နှင့် စာရင်းကိုင် အက်ဥပဒေ (Health Insurance Portability and Accountability Act of 1996) ကို လိုက်နာပါသည်။ (HIPAA) ထက်ပို၍ ကျွန်ုပ်တို့က လျှို့ဝှက်ထားရှိမှု ကာကွယ်ရေး ဖက်ဒရယ် (သို့) ပြည်နယ်ဥပဒေများကို လိုက်နာသည်။ ဥပမာ ကျွန်ုပ်တို့က အနိုင်ကျင့် စော်ကားခံရမှုအား ကုသသည့် အစီစဉ်များနှင့် ဆိုင်သည့် ဖက်ဒရယ် လျှို့ဝှက်ဥပဒေ 42 CFR အပိုင်းနှင့် ကျန်းမာရေး မှတ်တမ်းနှင့် ဆိုင်သည့် ပြည်နယ်လျှို့ဝှက် ဥပဒေမှတ်တမ်းများ၊ 18 VSA § 7103 အား လိုက်နာသည်။

**၁၄။ ယင်းအကြောင်းကြားစာ၏ မိတ္တူရနိုင်သလား၊**

ဟုတ်ကဲ့၊ ယင်းအကြောင်းကြားစာ၏ မိတ္တူရပိုင်ခွင့် ရှိပါသည်။ ဘယ်အချိန်မဆို စာရွက်နှင့် မိတ္တူအတွက် တောင်းနိုင်သည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်တွင် အီလက်ထရွန်းနစ်မူ ရှိသည်၊ www.humanservices.vermont.gov.

**၁၅။ AHS က ၎င်း၏ လျှို့ဝှက်လုပ်နည်း ပြောင်းနိုင်သလား၊**

ကျွန်ုပ်တို့က ကျွန်ုပ်တို့ရဲ့ လျှို့ဝှက်ချက်ထားနည်းနှင့် အကြောင်းကြားစာကို ပြောင်းလဲပိုင်ခွင့် ထိန်းသိမ်းထားသည်။ ကျွန်ုပ်တို့ဘက်မှ လုပ်နည်းများ ပြောင်းခြင်းက သင့်ထံမှ ရရှိပြီးဖြစ်သည့် အချက်လက်များနှင့် အနာဂတ်တွင် သင့်ထံမှရရှိမည့် အချက်လက်များအပေါ် သက်ရောက်မှုရှိသည်။ အကြောင်းကြား စာသစ်၏ မိတ္တူ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားမည်။ www.humanservices.vermont.gov,နှင့် စာတိုက်မှတဆင့် သင့်အား ဖော်ပြမည်။

**၁၆။ ယင်းအကြောင်းကြားစာနှင့် ပတ်သက်၍ မေးမြန်းရန် မည်သူ့ကို ဆက်သွယ်ရမလဲ၊**

802-241-0225 ဖုန်းဖြင့် ကိုယ်ရေးအရာရှိ (**Privacy Officer**) အား AHS.PrivacyAndSecurity@vermont.gov ၌ အီးမေးလ်က ဆက်သွယ်နိုင်သလို၊ အောက်ပါလိပ်စာအတိုင်းလည်း စာတိုက်က ဆက်သွယ်ပါ၊

AHS Privacy Officer
c/o Agency of Humans
Service Office of the Secretary
280 State Drive Center
Building
Waterbury VT 05671-1000

**၁၇။ ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ရပိုင်ခွင့်များ ချိုးဖောက်ခံရကြောင်း ယုံကြည်ပါက ဘယ်လို တိုင်းတန်းရမလဲ၊**

ကျွန်ုပ်တို့ လျှို့ဝှက် အရာရှိအား ရေးသား၍ (သို့) ဖုန်းဖြင် တိုင်တန်းနိုင်သည်။ Office for Civil Rights, DHHS, JFK Federal Building Room 1875, Boston, MA 02203 ရုံးသို့လည်း တိုင်တန်းနိုင်သည်။ 1-800-537-7697 သို့ဖုန်းဖြင့် (သို့) **https://www.hhs.gov/hipaa/filing-a-complaint/index.html** သို့ သွား၍လည်း တိုင်ကြားနိုင်သည်။

VERMONT

**လူသားရေး လုပ်ငန်းအေဂျင်စီ**
**(Agency of Human Services)**
**လျှို့ဝှက်ချက်ထားနည်း ကြေညာချက်**
**ဤအသိပေးချက်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ စတင်သက်ရောက်သည်။**

## ပုဂ္ဂိုလ်ရေးရာ အချက်လက်နှင့် ဆက်နွယ်သည့် လျှို့ဝှက် ပုဂ္ဂိုလ်ရေး လုပ်ထုံးများ

ကျန်းမာရေး အချက်လက် လျှို့ဝှက် ထားနည်းအပြင် AHS ထံ၌ ကျွန်ုပ်တို့ အကျိုးအမြတ်များနှင့် လုပ်ငန်းများ ဖန်တီးပေးသည့် ပုဂ္ဂိုလ်တဦးစီတို့အား ဖော်ထုတ်သည့် လျှို့ဝှက်အချက်လက်များနှင့် သက်ဆိုင်သည့် လမ်းညွှန်ရှိပေသည်။

**တဦးချင်းစီအား ဖော်ထုတ်သည့် အချက်လက်က ဘာလဲ၊**

AHS က ဖန်တီးသည့် အချက်လက် (သို့) လက်ခံရရှိသည့် အချက်လက် (သို့) ၎င်းကန်ထရိုက်တာများ (သို့) ဖော်ထုတ်မှု အာမခံချက် (သို့) ဖော်ထုတ်ရန် သင့်လျော်သည် အချက်လက်၊ AHS မှ ရရှိသည့် အကျိုးအမြတ်များနှင့် လုပ်ငန်းများ လက်ခံရရှိသည့် ပုဂ္ဂိုလ်တဦးချင်း ဖြစ်သည်။ ဖော်ထုတ်ရမည့် အချက်လက် ပမာက အောက်ပါအတိုင်း ဖြစ်သည်။

- အမည်
- အထွေထွေလုံခြုံရေး အရေအတွက်
- မွေးသက္ကရာဇ်
- လိပ်စာ
- ဖုန်းနံပါတ်

**AHS က ကျွန်ုပ်၏ ခွင့်ပြုချက်မရဘဲ ဘယ်အချိန်မှာ ကျွန်ုပ်၏ ဖော်ပြချက်ကို မျှဝေမှု (သို့) ထုတ်ဖော်မှု ပြုသလဲ၊**

ကျွန်ုပ်တို့ ကိုယ်ပိုင်အစီအစဉ် အုပ်ချုပ်မှုအတွက် သင့်ခွင့်ပြုချက်မရဘဲ သင့်အချက်လက်များကို ဖလှယ်ခြင်း (သို့) ဖော်ထုတ်မှု ပြုနိုင်သည်။ အစီအစဉ် အုပ်ချုပ်ရေးပိုင်း၏ အဓိပ္ပါယ်က AHS လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လှုပ်ရှားမှုများဖြစ်ပြီး အောက်ပါတို့ ပါဝင်သည်။

- AHS ၎င်း၏ ကန်ထရိုက်တာများနှင့် အာမခံသူများအကြား ညှိနှိုင်းမှုနှင့် ဖော်ထုတ်မှု အပါအဝင် သင်လျှောက်ထားသည့် အကူအညီနှင့် ထိုက်တန်ဆီလျော်မှု ဖန်တီးရေးနှင့် လုပ်ငန်းဌာနများ အလားအလာအတွက် လျှောက်လဲချိန်။
- စီမံကိန်း၊ ဖန်တီးမှု၊ စီစဉ်မှု၊ ရံပုံငွေထောက်ပံ့မှု၊ လုပ်ငန်းဌာနအတွက် ပေးအပ်မှုနှင့် တဦးချင်းနှင့် မိသားစုများအား ကူညီမှု။
- အကျိုးအမြတ်များ ညှိနှိုင်းမှု။
- လိမ်လည်မှုနှင့် ညှဉ်းဆဲမှုအား စစ်ဆေးမှု။
- အရည်အသွေး ထိန်းချုပ်မှု ညှိနှိုင်းရန်နှင့် လုပ်ဆောင်ချက်များ တိုးတက်မှု။
- အရေးပေါ် တုံ့ပြန်မှုနှင့် ဘေးဥပါဒ်ကယ်ဆယ်ရေး။
- ဖက်ဒရယ်နှင့် ပြည်နယ်တရားရေးအား လိုက်နာမှု၊ အစီရင်ခံမှုနှင့် ထောက်ပံ့ကြေး လိုအပ်မှု။

**ကျွန်ုပ်ဖော်ပြထားသည့် အချက်လက်အား မျှဝေခြင်း (သို့) ထုတ်ဖော်ခြင်း မပြုမီ AHS က ကျွန်ုပ်၏ ခွင့်ပြုချက်ကို ဘယ်အချိန်ရယူသလဲ၊**

အောက်ပါအကြောင်းအတွက် သင်ဖော်ပြထားသည့် အချက်လက်အား မျှဝေမှု (သို့) ဖော်ထုတ်ရန် လိုပေသည်၊

- လုပ်ငန်းများအတွက် သင့်ထိုက်တန်မှု စဉ်းစားရန်နှင့် သင်လျှောက်လဲထားပြီးဖြစ်သည့် အခြားအကြောင်းအချက်များ အတွက်။
- ကန်ထရိုက်မရှိသူနှင့် ကျွန်ုပ်တို့နှင့် သဘောတူညီချက် မရထားသည့် သင့်လုပ်ငန်း ဖန်တီးရှင်များနှင့် သင့်လုပ်ငန်းအတွက် ညှိနှိုင်းမှု။
- ကျွမ်းကျင်သူများထံမှ အကျိုးအမြတ် ရရှိရန် AHS ပြင်ပမှ အသက်မွေးဝမ်းကျောင်း ပြုသူများနှင့် တိုင်ပင်မှု။
- သင်ရွေးချယ်သူတို့နှင့် မျှဝေမှု။

အထက်ပါ အခြေနေများအတွက် သင့်ခွင့်မပြုပါက အရည်အချင်းရှိ ပမာဏပြည့်ဝသည့် လုပ်ငန်းများ သင်ရရှိနိုင်မည်မဟုတ်ပေ။

---

**အသိအမှတ်ပြုမှု**

*တိုက်ရိုက်ကုသမှု ဝန်ဆောင်မှုပေးသူများသည် ဤအသိပေးချက်ကို ဤပုဂ္ဂိုလ်မှရရှိကြောင်း စာရေးအသိအမှတ်ပြုချက်ရယူရန် စိတ်ရင်းကောင်းဖြင့် ကြိုးပမ်းရမည်။ အသိအမှတ်ပြုချက်ကို မရနိုင်ပါက ဝန်ဆောင်မှုပေးသူသည် အသိအမှတ်ပြုမှုကို ရရှိရန် ၎င်း၏ကြိုးပမ်းပုံများနှင့် မရရှိနိုင်ခဲ့သည့် အကြောင်းရင်းတို့ကို မှတ်တမ်းတင်ထားရမည်။

**အထက်ပါ အကြောင်းကြားစာ၏ မိတ္တူ ကျွန်ုပ် လက်ခံရရှိကြောင်း အသိအမှတ်ပြုပါသည်။**

ရက်စွဲ ______________________ ______________________________________________________

(တဦးစီ သို့ ကိုယ်စားပြုသူ၏ လက်မှတ်)

________________________________________

(တဦးစီ သို့ ကိုယ်စားပြုသူ၏ အမည်)